**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

**အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**

**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

၂၀၁၀ ခုနှစ်၊ ဧပြီလ (၆) ရက်

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၈)ရက်

## '' ပြည်သူသို့ ပန်ကြားချက် ''

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် တောင်းဆိုချက်ဖြစ်သည့် ဒီမိုကရေစီစနစ်ထူထောင်ရေး ရည်မှန်းချက်အောင်မြင်သည်အထိ ကြိုးပမ်းကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖွဲ့စည်းပြီးချိန်ကစပြီး–

(၁) မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းရေး၊

(၂) လူ့အခွင့်အရေးများ အပြည့်အဝ ရရှိရေး၊

(၃) အာဏာရှင်ဆန်သော အစိုးရမျိုး နောင်ဘယ်သောအခါမှ မပေါ်ပေါက်ရလေအောင် ဒီမိုကရေစီ အခြေခံအုတ်မြစ်များ ခိုင်မာစွာချမှတ်ရေး၊

(၄) တိုင်းရင်းသားညီအကိုများ နိုင်ငံရေးခွင့်တူညီမှုရရှိပြီး ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ရေး၊

(၅) ပြည်သူလူထု၏ဘဝ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို အကျိုးပြုနိုင်စေရေး၊

တို့အတွက် တစ်စိုက်မတ်မတ် ကြိုးပမ်းခဲ့ပါသည်။

ယင်းရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးတွင် အခြေခံအကျဆုံးဖြစ်သော အမျိုးသားပြန်လည် သင့်မြတ်ရေးကို ရရှိရန်အတွက်လည်း အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် အမျိုးမျိုးသော စွန့်လွှတ် အနစ်နာခံမှုများဖြင့် ပေးဆပ်စတေးကာ အားသွန်ကြိုးပမ်းခဲ့ကြပါသည်။

၂။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စုစုပေါင်းလွှတ်တော်မဲဆန္ဒနယ် (၄၈၅) နေရာအနက် (၃၉၂) နေရာတွင် အနိုင်ရရှိခဲ့ပါသည်။ စင်စစ် မဲဆန္ဒရှင် ပြည်သူလူထုက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အဖွဲ့ချုပ်ကို ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် တာဝန်ပေးလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်သည့်အလျောက် အဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့်အထွေထွေ ပြဿနာများ ပြေလည်စေရေးတို့အတွက် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။ တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရေး အတွက် မျှော်လင့်ချက်များထားရှိကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ( န-ဝ-တ)က ခေါ်ယူ ကျင်းပသော အမျိုးသားညီလာခံ ( NC ) ကို တက်ရောက်ခဲ့ပါသည်။ ဒီမိုကရေစီနည်းကျသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲပေါ်ထွန်းလာနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသား ညီလာခံအတွင်းဝင်ကာ အစွမ်းကုန်ပါဝင် ကြိုးပမ်းခဲ့ပါသည်။ ယင်းကြိုးပမ်းချက်များအားလုံး လုံးဝမအောင်မမြင်

ဖြစ်ခဲ့ရပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို ၎င်းတို့ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ခေါ်ယူဖွဲ့စည်းပေးခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ပြည်သူ့လွှတ်တော်သည် ယနေ့တိုင်အောင် ပေါ်ပေါက်လာခြင်း မရှိသေးပါ။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးပြဿနာအားလုံးကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရမည်ဟု စွဲမြဲစွာခံယူထားသူ ဖြစ်ပါသည်။ သို့ဖြစ်သည့်အလျောက် တပ်မတော်ခေါင်းဆောင်များနှင့်တွေ့ဆုံကာ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိအောင် ဆောင်ရွက်နိုင်ရေး အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးခွင့်ရရှိရေး တောင်းဆိုရင်းပင် နေအိမ်အကျယ်ချုပ် ချထားခြင်း ခံခဲ့ရပါသည်။ နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လျှင် လွတ်မြောက်ခြင်းပင် တွေ့ဆုံဆွေးနွေးခွင့်ရရှိရန် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။

သို့နှင့်ပင် ၂၀၀၃ ခုနှစ် ဒီပဲယင်းအကြမ်းဖက်မှုတွင် သူမ၏အသက်ဘေးမှ သီသီလေးလွတ်မြောက်ခဲ့ရပါသည်။ သို့တိုင်အောင် အပြစ်မယူ အာဃာတမထားဘဲ နိုင်ငံ့ပြဿနာအားလုံး ပြေလည်သွားရေးအတွက်သာ အာရုံစူးစိုက်ကာ တွေ့ဆုံဆွေးနွေးရန် ဆက်လက်တောင်းဆိုခဲ့ပါသည်။ အမေရိကန်နိုင်ငံသား ဂျွန်ယက်ထောအမှုကို အကြောင်းပြု၍ သူမကို ထောင်ဒဏ်ချမှတ် အပြစ်ပေးခံခဲ့ရပြန်ပါသည်။ သို့တိုင်အောင်ပင် အပြစ်မယူ အာဃာတမထားဘဲ နိုင်ငံ့အကျိုးစီးပွားအတွက် တွေ့ဆုံဆွေးနွေးကြရန်သာ ထပ်လောင်း တောင်းဆိုခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သူမ၏ နောက်ဆုံးပေးပို့သည့်စာတွင် **"စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရေးကိစ္စတွက် ဗိုလ်ချုပ်မှူးကြီးနှင့် တွေ့ဆုံတင်ပြခွင့်ပြုပါရန် အထူးမေတ္တာရပ်ခံပါသည်"** ဟု ဖော်ပြခဲ့ပါသည်။

အနှစ်ချုပ်တင်ပြရလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်အပေါင်းတို့သည် စစ်မှန်သော ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ကြိုးပမ်းခဲ့သည်မှာ ဖြစ်ရပ်မှတ်တမ်းများအရ ထင်ရှားပေါ်လွင်နေပါသည်။ ယင်းကြိုးပမ်းချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လုံးဝတုံ့ပြန်မှု မရှိပါသဖြင့် မအောင်မမြင်ဖြစ်ခဲ့ရသည်။

၄။ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ်အတွင်း ရွေးကောက်ပွဲတစ်ရပ် ကျင်းပမည်ဟုဆိုကာ ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေအသီးသီးတို့ကို ထုတ်ပြန်လိုက်သည်။ အဆိုပါဥပဒေများနှင့် နည်းဥပဒေများ ဥပဒေ၏သဘောသဘာဝ ဥပမိရုပ်နှင့်မညီညွတ်၊ တရားမျှတမှုလည်းမရှိပါ။

ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက်တွင် လူတို့သည် "တရားမျှတမှု"ပေါ်တွင် အမှီပြု၍ လူ့အစည်းအရုံးများနှင့် လူ့ဘောင်ဘဝများကို တည်ဆောက်ခဲ့ကြလေသည်။ ယခုပြဋ္ဌာန်းလိုက်သော ဥပဒေများကို မြန်မာ့လူ့အဖွဲ့အစည်းတွင် နေထိုင်ကြသောလူသားတို့၏ လူနေမှုစနစ်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆက်ဆံပေါင်းသင်းနေထိုင်ကြရာ၌ ချိန်ခွင်တင်၍ စက်လိုက်သည့်အခါ ညီညွတ်မျှတမှုမရှိသည်ကို အထင်အရှားတွေ့မြင်နေရပါသည်။ ထို့ပြင် နိုင်ငံသားတိုင်းသည် မိမိနေထိုင်သော လူ့အဖွဲ့အစည်းတွင် သက်ဆိုင်သောနေရာမှ ထိုက်သင့်သလို ပါဝင်ဆောင်ရွက်နိုင်ရေး (Distributive Justice)၊ လွတ်လပ်ခွင့်များ၊ ညီမျှမှုအခွင့်အရေး၊ သဘာဝညီမျှမှု (Natural Equality)၊ နိုင်ငံရေးညီမျှမှု (Political Equality) အစရှိသော ဒီမိုကရေစီ

ထွန်းကားရေးဆိုင်ရာ နည်းလမ်းများနှင့်လည်း ညီညွတ်ခြင်းမရှိပါ။ လောကပါလတရားတို့နှင့်လည်း ဆန့်ကျင်နေပါသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကျပ်ကိုင်လိုက်နာစေခြင်းမှာလည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်နေပါသည်။ ယင်းဥပဒေများသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာမိသားစု အဖွဲ့အစည်းအသီးသီးက တောင်းဆိုထားသော အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်ရေးကို ပိတ်ဆို့ဟန့်တားထားရာ ရောက်နေပြန်ပါသည်။

၅။ သို့ပါသောကြောင့် ၂၀၁၀ ပြည့်နှစ် မတ်လ (၂၉) ရက်နေ့တွင် ကျင်းပသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တရားမျှတမှု လုံးဝမရှိပါသဖြင့် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီအဖြစ် ထပ်မံမှတ်ပုံတင်မည်မဟုတ်ကြောင်း** အများသဘောတူ ကန့်ကွက်သူမရှိ ဆုံးဖြတ်လိုက်ပါသည်။

၆။ အဖွဲ့ချုပ်သည် စတင်တည်ထောင်ခဲ့သည့်မှ ယနေ့အထိ ပြည်သူလူထုနှင့် တစ်သားတည်းရပ်တည်ကာ သက်ဆိုင်ရာအာဏာပိုင်များ၏ ဖမ်းဆီးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း နည်းလမ်းမျိုးစုံ တားမြစ်ကန့်သတ်ခြင်းတို့ကိုခံယူကာ ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဖွဲ့နပဲကြီးကြီးဖြင့် ကြိုးပမ်းခဲ့ပါသော်လည်း တစ်ဖက်သတ် ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် အကျိုးမဖြစ်၊ အရာမထင် ဖြစ်ခဲ့သည့်အတွက် ပြည်သူလူထုအပေါင်းအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

၇။ သို့ဖြစ်စေကာမူ အဖွဲ့ချုပ်သည် ပြည်သူလူထုကိုလည်းကောင်း၊ ဒီမိုကရေစီအရေးတော်ပုံကိုလည်းကောင်း မည်သည့်အခါမှ ကျောခိုင်းစွန့်ခွာသွားမည်မဟုတ်ပါ။ ပြည်သူလူထုနှင့် တစ်သားတည်းရှိနေပြီး ပြည်သူလူထု ခေါင်းဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို မဏ္ဍိုင်ပြုကာ ဒေါ်အောင်ဆန်းစုကြည်က ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ မှာကြားခဲ့သည့် **"ပြည်သူလူထုကို ပြောကြားလိုတာက မိမိတတ်နိုင်သလောက် ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုကို ဆက်လက်ဆောင်ရွက်သွားမည်"** ဟူသည့်အတိုင်း ဒီမိုကရေစီ ရည်မှန်းချက်အောင်မြင်သည်အထိ စနစ်ကျသော၊ ငြိမ်းချမ်းသော၊ အကြမ်းမဖက်သော နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်အားထုတ်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ပြည်သူသို့ ပန်ကြားအပ်ပါသည်။

၃-၄-၁၀ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့